ဖီလာဒဲလ် ဖီးယား ပညာရေးဝန်ကြီးဌာန

## Southwark မူလတန်းကျောင်း

*"အပြုံးတစ်ခု ဆိုတာ ဘယ်ဘာသာစကားမှာမဆို တူညီတဲ့ အရာဖြစ်သည် "*

**Mr. Andrew Lukov** *ကျောင်းအုပ်ကြီး*

1835 South 9th Street Philadelphia, PA 19148
Phone: 215-952-8606 FAX: 215-952-8670

# Southwark မူလတန်းကျောင်း၏ ပညာရေးဆိုင်ရာများ

**အမှတ်ပေးစနစ်**

**ပညာရေး အမှတ်ပေးစနစ်**

A= 90-100

B= 80-89

C= 70-79

D= 65-69

F= 0-64

- ရီပို့ဒ်ကဒ် (အမှတ်စာရင်း) တွင် ဖော်ပြထားသည့် အဆင့်များတွင် အိမ်စာ၊ အတန်းတွင်စာမေးပွဲ၊ ဉာဏ်စမ်း စာမေးပွဲ၊ သုတေသန စီမံကိန်းများနှင့် စာသင်ခန်းတွင် ပါဝင်ဆွေးနွေးမှုများ မှ ရလဒ်များပါဝင်ပါသည်။
- ၂၀% (သို့) ထက်ပို၍ ပျက်ကွက်သည့် ကျောင်းသူ/သားသည် သတ်မှတ် ထားသော ကျောင်းစာများနှင့် စာမေးပွဲများ မှုအပေါ် မူတည်၍ ပြီးစီးသည် ဟူသော ဆရာ/မ ၏ထောက်ခံပေးမှုဖြင့် အောင်မြင်သော အဆင့်ကို ရကောင်းရနိုင် ပါသည်။

**အကျင့်စာရိတ္တ အဆင့်များ**

1= အလွန်ကောင်း
2= စိတ်ကျေနပ်ဖွယ်
3= စိတ်မကျေနပ်ဖွယ်

- အကျင့်စာရိတ္တအမှတ်များသည် ကျောင်းနှင့် စာသင်ခန်း စည်းကမ်းများကို ကျောင်းသူ/သား၏ ပူပေါင်းပါဝင်လိုက်နာ မှုများ အပေါ် မူတည်၍ ပေးထားခြင်းဖြစ်ပါသည်။

**ဂုဏ်ထူးရစာရင်း**

အဆင့်တစ် ဂုဏ်ထူးရခြင်း

- ကျောင်းသားများသည် အခြေခံဘာသာရပ်များနှင့် အနုပညာဖော်ပြနိုင်မှုဘာသာရပ်တွင် (A) သာရရှိ သောသူ ဖြစ်ရ မည်။
- ကျောင်းသားများသည် အကျင့်စာရိတ္တအဆင့်တွင် (၃) တွင် မရှိသည့် ကျောင်းသူ/သားဖြစ်ရမည်။

အဆင့်နှစ် ဂုဏ်ထူးရခြင်း

- ကျောင်းသားများသည် အခြေခံ ဘာသာရပ်များတွင် (A) နှင့် (B) သာရရှိပြီး အနုပညာဖော်ပြနိုင်မှု ဘာသာရပ်တွင် (C) ကို တစ်ခုထက်မပို ရရှိရန် လိုအပ်ပါသည်။
- ကျောင်းသားများသည် အကျင့်စာရိတ္တအဆင့်တွင် (၃) တွင် မရှိသည့် ကျောင်းသူ/သားဖြစ်ရမည်။

## ရီပို့ဒ်ကဒ် (အမှတ်စာရင်း) တွေ့ဆုံဆွေးနွေးပွဲများ

- ရီပို့ဒ်ကဒ် (အမှတ်စာရင်း) ကို တစ်နှစ်လျှင် လေးခါ ဖြန့်ဝေပေးပါသည်။
- ကျောင်းပညာသင်နှစ်အတွင်းတွင် မိဘဆရာ တွေ့ဆုံ ဆွေးနွေးပွဲ သုံးခါ ကျင်းပပေးပါသည်။
- မိဘအနေဖြင့် လာရောက်တွေ့ဆုံခြင်းသည် သင့်ကလေး၏အောင်မြင်မှုအတွက် အရေးကြီးပါသည်။

## သင်ရိုးညွှန်းတန်းစနစ်

- ဖီလာဒဲလ် ဖီးယား ပညာရေးဝန်ကြီးဌာန သည် ပညာရေးသင်ရိုးညွှန်းတန်းအတွက် အဓိက လိုအပ်ချက်များ (Common Core State Standards) ပြဋ္ဌာန်းထားပါသည်။
- ဆရာ/မ များသည် ၄င်း သင်ရိုးညွှန်းတန်း၏ လိုအပ်ချက် အပေါ်အခြေပြု၍ သင်ခန်းစာများကို ရေးဆွဲထားပါသည်။
- အဓိက အဆင့်အတန်းများနှင့် တပြေးညီဖြစ်သော သင်ရိုးညွှန်းတန်းများပေါ်မူတည် ၍ ဘာသာရပ်အားလုံးကို အရည်အချင်းစစ်ဆေးမှု အမျိုးမျိုးကိုလည်း တစ်နှစ်ပတ်လုံး လုပ်ဆောင်သွားမည်ဖြစ်သည်။
- သင်ကြားသူဆရာ/မများ ပြန်လည်သုံးသပ်နိုင်ရန် စစ်ဆေးမှု အဖြေများကို အသိပေးပါသည်။

## စာမေးပွဲစစ်ဆေးမှု

- (၃) တန်းမှ (၈) တန်း ကျောင်းသူ/ကျောင်းသားများသည် ခရိုင်အဆင့် စာမေးပွဲ ဟုခေါ်သော the Pennsylvania System of School Assessment ( PSSA) တွင် ပါဝင်ဖြေဆိုကြမည်။
- ဤစာမေးပွဲသည် အရေး၊ အဖတ်၊ သင်္ချာ၊ နှင့် သိပ္ပံဘာသာရပ် တို့တွင် သင့်ကလေး၏ကိုယ်ပိုင် အရည်အသွေးများကို စစ်ဆေးမည်။
- (၃) တန်းမှ (၈) တန်း ကျောင်းသူ/ကျောင်းသားများသည် Benchmark (အင်္ဂလိပ် နှင့် သင်္ချာ)စာမေးပွဲကိုလည်း သုံးခါဖြေဆို ရမည်။

## စာအုပ်များနှင့် ကျောင်းသုံးပစ္စည်းများ

- ဆရာ/များက ဖော်ပြ ထားသည့် ကျောင်းသုံး ပစ္စည်းများ သင့်ကလေး ရှိသင့်ပါသည်။
- ကျောင်းသူ/သားများအား ထုတ်ပေးထားသည့် ကျောင်းစာအုပ်များ ကို သေချာကိုင်တွယ် ထိန်းသိမ်းထားသင့်ပါသည်။
- မိဘများသည် ထုတ်ပေးထားသည့် ကျောင်းစာအုပ်များ ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း၊ ပျက်စီးသွားခြင်း ရှိခဲ့ပါက လျော်ကြေးငွေ ပေးချေရန်တာဝန်ရှိသည်။

## ကာယပညာရေး လိုအပ်ချက်များ

- ကာယလေ့ကျင့်မှု သည် Pennsylvania ပြည်နယ်၏ ဥပဒေအရ လိုအပ်သည့်ဘာသာရပ်ဖြစ်ပါသည်။
- ဆရာဝန်၏မှတ်ချက်ကို တင်ပြခြင်းဖြင့်သာ သင့်ကလေးကို ခွင့်ပေးနိုင်ပါသည်။
- ကျောင်းသူ/သားများကို သင့်တော်သောအားကစားဖိနပ် (Sneaker) စီးရန်လိုအပ်ပါသည်။

## ကျောင်းအိမ်စာအတွက် အကြံပြုချက်များ

- အိမ်စာများကို အပြုသဘောဆောင်သည့် သဘောထားရှိရန် မြှင့်တင်ပေးပါ။
- အိမ်တွင် စာလုပ်ရန် အချိန်နှင့် ဆိတ်ငြိမ်သော နေရာတစ်ခုပေးထားပါ။
- စာမေးပွဲအတွက် ပြင်ဆင်ရာတွင် ကူညီပေးပါ။
- အိမ်စာ ပြီးမပြီး ၊ သပ်ရပ်မှုနှင့် မှန်ကန်စွာ လုပ်မလုပ် စစ်ဆေးပါ။
- အိမ်စာ ကိုအချိန်မှီ ပြီးဆုံးရန် ကူညီပါ။
- သင့်ကလေး၏ စာများပေါ်တွင် ဆရာ/မများ၏ မှတ်ချက်များနှင့် အသိပေးသည့်စာများ ပါမပါ စစ်ဆေးပေးပါ။
- သင့်ကလေး၏ ကျောင်းလွယ်အိပ်၊ မှတ်စုစာအုပ်များနှင့် ဖိုင်တွဲများ ကို စုစုစည်းစည်း၊ နှင့် သပ်သပ်ရပ်ရပ် ထားတတ်ရန် ကူညီပါ။
- သင့်ကလေးအတွက် ကျောင်းနှင့်အိမ် ဆက်သွယ်သည့်စာများ၊ ကြေငြာစာများ နှင့် မှတ်စုများအတွက် အထူးဖိုင်တွဲ တစ်ခု လုပ်ပေးထားပါ။
- သင့်ကလေးနှင့် အတူစာဖတ်ပေးပါ။